# သခင့်စကား
## The LORD's Word
မင်းအောင်သက်လှိုင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

သခင့်စကား ၁–၁၈၄


ငါ၏လူများတို့ ငါ့တရားကို နားကြလော့။ ငါ မြွက်သော စကားကို နားထောင်ကြလော့။ ပုံ စကား ကို ငါမြွက်ဆို၍ ရှေးကာလ၏ နက်နဲသော အရာများကို ဖော်ပြပေအံ့။ ဆာလံ ၇၈း၁


အမှတ်စဉ် (၁၈၄) ဒီဇင်ဘာလ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည်) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


# ဆန္ဒတွေခေါ်ချတဲ့နေ့








## ဆန္ဒတွေ ခေါ်ချတဲ့ နေ့

### မင်းအောင်သက်လှိုင်



ကောင်းတာ မြင်ရင် စားချင် ၊ ငါ့ရဲ့ လိုအင် ဆန္ဒပင်။
  လှတာ မြင်ရင် လိုချင် ၊ ငါ့ရဲ့ လိုအင် ဆန္ဒပင်။
များတာ မြင်ရင် ရချင် ၊ ငါ့ရဲ့ လိုအင် ဆန္ဒပင်။
  ပြည့်တာ မြင်ရင် သုံးချင် ၊ ငါ့ရဲ့ လိုအင် ဆန္ဒပင်။
မြင့်တာ မြင်ရင် တက်ချင် ၊ ငါ့ရဲ့ လိုအင် ဆန္ဒပင်။
  ဝေးတာ မြင်ရင် သွားချင် ၊ ငါ့ရဲ့ လိုအင် ဆန္ဒပင်။
နွေးတာ မြင်ရင် ထွေးပွေ့ချင် ၊ ငါ့ရဲ့ လိုအင် ဆန္ဒပင်။
  ချိုတာ မြင်ရင် မြိုချချင် ၊ ငါ့ရဲ့ လိုအင် ဆန္ဒပင်။
ဒီလို ဆန္ဒ ၊ ငါ့ လောဘတွေ
တစ်နေ့ထက်တိုး ၊ ဒီရေ မျိုးလို အခြေအနေဆိုးမှ
ဝိညာဉ် မျက်စိ ဖျတ်ကနဲ သိ ၊ ကျမ်းစာရေးထား သခင့်စကားမှာ
နားနဲ့ ကြားခဲ့ ၊ 'ငါ့ ကျေးဇူးသည် သင့်အဖို့လောက်၏' တဲ့ ။။
  [ လိုအင် ဆန္ဒတွေက ခနခန ဒီရေအလား တိုးတက်သွားချိန်
  ကျမ်းစကား မြင်မှ စိတ်ငြိမ်း ငြိမ်းရ
  'ငါ့ ကျေးဇူးသည် သင့်အဖို့ လောက်၏' တဲ့ ။] ။
[၂ကော ၁၂း၉ - ငါ့ကျေးဇူးသည် သင့်အဖို့ လောက်ပေ၏။]





ပျော်ရွှင်သောခရစ္စမတ်ဖြစ်ပါစေ

သခင့်စကား The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်



ငါ၏လူများတို့ ငါ့တရားကို နားကြလော့။ ငါ မြွက်သော စကားကို နားထောင်ကြလော့။ ပုံစကား ကို ငါမြွက်ဆို၍ ရှေးကာလ၏ နက်နဲသော အရာများကို ဖော်ပြပေအံ့။ ဆာလံ ၇၈း၁


အမှတ်စဉ် (၁၈၄) ဒီဇင်ဘာလ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည်) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


# ပေါင်းစည်းစေတဲ့ခရစ္စမတ်








## ပေါင်းစည်းစေတဲ့ ခရစ္စမတ်

### ဆယ်မြူရယ်စိုးလွင်

ဘုရား နဲ့ လူ
မကြည်ဖြူ စေတဲ့ အပြစ်ကြောင့်
လူတိုင်း ဘုရားနဲ့ ဝေးခဲ့တယ်......
  ဘုရား မဲ့ လူ
  အဝိဇ္ဇာနယ်သူ ဖြစ်သောကြောင့်
  လူတိုင်း အပယ် မြန်းရတယ်.....
ဘုရား နဲ့ လူ
ပေါင်းစည်းစေတဲ့ အဖြစ်ကြောင့်
လူတိုင်း ဘုရားနဲ့ နီးရတယ်.....
  ဘုရားရဲ့ လူ
  ဝိဇ္ဇာနယ်သူ ဖြစ်သောကြောင့်
  လူတိုင်း အမတ မြန်းရတယ်...... ။ ဆယ်မြူရယ်စိုးလွင်



[[အဝိဇ္ဇာနယ်သူ = အမှန်အမှား တရား မသိ၊ ဘုရားမသိသူများ
အပယ် = ငရဲ ။ ဝိဇ္ဇာနယ်သူ = အမှန်မှား တရားသိ၊ ဘုရားသိသူ
အမတ = အို နာ သေခြင်း ဒုက္ခတရားတို့ ချုပ်ငြိမ်းရာ တမလွန်ပန်းတိုင်]]






ပျော်ရွှင်သောခရစ္စမတ်ဖြစ်ပါစေ

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်



ငါ၏လူများတို့ ငါ့တရားကို နားကြလော့။ ငါ မြွက်သော စကားကို နားထောင်ကြလော့။ ပုံစကား ကို ငါမြွက်ဆို၍ ရှေးကာလ၏ နက်နဲသော အရာများကို ဖော်ပြပေအံ့။ ဆာလံ ၇၈း၁

အမှတ်စဉ် (၁၈၄) ဒီဇင်ဘာလ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည်) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# [ရွှေ]ချိုးဘဲမှအီးဂဲလ်



## ချိုးဘဲ မှ အီးဂဲလ် ‘Eagle’

[Saw Z Net Eagle]

တချိန်ကတော့ ချိုးပုံ (ရွှေ[မစင်]) ထဲမှာ ပျော်မြူး
ချိုး တလူးလူး နဲ့ပေါ့။ (ရွှေ[မစင်])
ပုပ်ပွ နံစော် အများအမြင်မှာ မသင့်တော်လဲ
ကိုယ့်အရပ်နဲ့ ကိုယ့်ဇာတ်
ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးမယ်ပေါ့။
စိတ်ကူးကတော့ ကမ္ဘာကျော်မဲ့ ဂျစ်ပစီ
လက်တွေ့မှာတော့ အမြုပ် တစီစီနဲ့
ဘ၀ ကူးသွား သူတွေ အများကြီး။



ကျေးဇူးတော်ကြောင့် မှောင်မိုက်ကနေ အံ့ဘွယ်သော အလင်းတော်သို့
ခေါ်သွင်းခံရတဲ့ အချိန်မှာ - ကျုပ် ၊ အကောင် ပြောင်းသွားတယ်။
အမွေးအတောင် ပေါင်းတွေ နှုတ်။
နှုတ်သီးပေါင်းတွေ ရိုက်ချိုး
ကိုယ်တော်နှင့်အတူ လေဟုန်ကို ဆန်မဲ့
ချိုးဘဲ မှ အီးဂဲလ် ‘Eagle’ ။ ။
[မြစ်ကြီးနားမြို့အသွား လေယာဉ် ပေါ်တွင် ရေးသည်။]







ပျော်ရွှင်သောခရစ္စမတ်ဖြစ်ပါစေ

# သခင့်စကား
## The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ငါ၏လူများတို့ ငါ့တရားကို နာကြလော့။ ငါ မြွက်သော စကားကို နားထောင်ကြလော့။ ပုံစကား ကို ငါမြွက်ဆို၍ ရှေးကာလ၏ နက်နဲသော အရာများကို ဖော်ပြပေအံ့။ ဆာလံ ၇၈း၁

အမှတ်စဉ် (၁၈၄) ဒီဇင်ဘာလ ၂၀၁၆ ခုနှစ် ဗဓူဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


# ဂိညာဉ်ပင်



## ဂိညာဉ်ပင်

*သိုးသူငယ် - ဒါးက*

ကယ်တင်ခြင်း ရေသောက်မြစ် တည်နေလို့
ယုံကြည်ခြင်း ပင်စည်က ထွက်လာတဲ့
မျှော်လင့်ခြင်း အကိုင်း အလက်တွေနဲ့
ပျော်ရွှင်ခြင်း ရွက်သစ်တွေဝေ
ငြိမ်သက်ခြင်း အသီးတွေ ဝေဆာလို့
တည်ငြိမ်ခြင်း ပန်းတွေတောင် ပွင့်နေပြီလေ။
ငါ့ရဲ့ ဂိညာဉ် သစ်ပင်လေး
သမ္မာတရား မြေသြဇာ စား
ယေရှုရဲ့ ရေလောင်း ပေါင်းသင်မှုကြောင့်
လောကဓံ ဥယျာဉ်ထဲ ကြံ့ကြံ့ ခံ ရှင်သန်နေဆဲပါ။ ။



ပျော်ရွှင်သောခရစ္စမတ်ဖြစ်ပါစေ

သခင့်စကား ၅–၁၈၄

# သခင့်စကား
# The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

ငါ၏လူများတို့ ငါ့တရားကို နားကြလော့။ ငါ မြွက်သော စကားကို နားထောင်ကြလော့။ ပုံစကား ကို ငါမြွက်ဆို၍ ရှေးကာလ၏ နက်နဲသော အရာများကို ဖော်ပြပေအံ့။ ဆာလံ ၇၈း၁

အမှတ်စဉ် (၁၈၄) ဒီဇင်ဘာလ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည်) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# အမေချစ်တဲ့နာရီလေး




## အမေချစ်တဲ့နာရီလေး

ဖွန်ပန်း

ယနေ့ထက်တိုင် ကျမရဲ့ ရင်ထဲမှာ မှတ်မိနေတဲ့ အရာလေးကတော့ အမေ့ရဲ့ နာရီလေးပါဘဲ။

အမေ က နာရီ သေးသေးလေးကို အရမ်း ချစ်တယ်။ အမြတ်တနိုး အမြဲ သိမ်းခဲ့တဲ့ နာရီလေးက အဖေ နိုင်ငံခြားကနေ အမှတ်တရ ဝယ်ပေးခဲ့တဲ့ နာရီ လေးပါဘဲ။ တစ်နေ့မှာ အဲဒီ နာရီလေး ခါးပိုက်နှိုက် ခံခဲ့ရတဲ့ ပိုက်ဆံ အိတ်လေးထဲ ပါသွား ခဲ့တယ်။ အမေ အရမ်း နမြော ေ နတာ ကျမ မှတ်မိနေတယ်။ နိုင်ငံခြားက ဆွေမျိုးတွေ ဖုန်း ဆက်တိုင်း အမေ အဓိက မှာတာက နာရီ သေးသေးလေးဘဲ။ ဒါပေမဲ့ ဘယ်သူမှ သူ့ကို မဝယ် ပေးခဲ့ကြဘူး။ အဲဒီတုန်းက ကျမ ကလေး ဘ ဝဘဲ ရှိခဲ့ ပေမဲ့ အဲဒီ ကိစ္စလေးကိုတော့ ကျမ အမြဲ မှတ်မိနေခဲ့တယ်။ အဲဒီ နာရီ ပုံစံ လေးကိုလဲ အခုထိ မျက်စိထဲ မြင်ယောင် နေမိ သေးတယ်။

အခု ကျမ အမေ လိုချင် နေတဲ့ နိုင်ငံခြားက နာရီ သေးသေးလေး ဆို တာကို ကျမ ကိုယ်တိုင် ဝယ်ပေးနိုင်ပေမဲ့ ကျမ ချစ်တဲ့ အမေက ေ လာကကြီး ထဲ မှာ မရှိတော့ဘူး။ ကျမ အမေ့ရဲ့ ဆန္ဒလေးကို ဖြည့်ပေးနိုင်ချိန်မှာ အမေက ကျမ နားမှာ ရှိမနေတော့ပါဘူး။ မိတ်ဆွေ သင့်မှာ မိခင် ရှိနေသေးတယ် ဆိုရင် အချိန် မနှောင်းသေးပါဘူး။ သင့်ရဲ့ မိခင် ဘာကို မြတ်နိုးလဲ။ ဘာကို တပ်မက်လဲ ။ ဘာကို စွဲစွဲလန်းလန်း လိုချင်နေလဲ။ သင် တတ်နိုင်တဲ့ အရာမျိုး ဆိုရင် သင့်မိခင်ရဲ့ ဆန္ဒကို ဖြည့်နိုင်သလောက် ဖြည့်ဆည်းပေးပါ။ မိခင် မရှိေ တာ့မှ သင် ဖြည့်ပေးချင် တယ် ဆိုရင် သင့် မိခင် သင့်ရှေ ့မှောက် နောက်တစ်ခေါက် ရောက် လာ နိုင်မှာ မဟုတ်တော့ ဘူးလေ။ အဲဒါကြောင့် မိခင် သ က်ရှိထင်ရှား ရှိနေချိန်မှာ မိခင်ရဲ့ ဆန္ဒလေးကို အတတ်နိုင်ဆုံး ဖြည့်ပြီးတော့ ကျေးဇူး ဆပ်ပါ။ မိခင်ရဲ့ ပီတိ ဟာ သင့် ဘဝကို အေးချမ်းစေပါတယ်။ မိခင်ကို ချစ်တဲ့သူ အယော က် စီတိုင်း မိခင်ရဲ့ ဆန္ဒ လေးများ ကို ဖြည့်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း - - - ။

အားလုံးကို ချစ်တဲ့ - ဖွန်ပန်း။



ပျော်ရွှင်သောခရစ္စမတ်ဖြစ်ပါစေ

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ငါ၏လူများတို့ ငါ့တရားကို နာကြလော့။ ငါ မြွက်သော စကားကို နားထောင်ကြလော့။ ပုံစကား ကို ငါမြွက်ဆို၍ ရှေးကာလ၏ နက်နဲသော အရာများကို ဖော်ပြပေအံ့။ ဆာလံ ၇၈း၁

အမှတ်စဉ် (၁၈၄) ဒီဇင်ဘာလ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည်) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# လက်တို့ပြီးတော့မေးရအုံးမယ်-၁၂



## လက်တို့ပြီးတော့မေးရအုံးမယ် - ၁၂

ဒယ်ဒီထွဋ်  Daddy Htut

ချစ် မိတ်ဆွေ တို့ရေ။ ( ထာဝရ အသက် ) အကြောင်း တော့ သိကြမှာ ပေါ့နော်။ တကယ် ရော ရပြီး ပါပြီလား၊ ဆင်ခြင် ဘို့ လက်တို့ လိုက်တာ ပါ။ ထာဝရ အသက်ကို အရှိမသဲ မြို့သားက ဥစ္စာ၊ ငွေကြေး ပစ္စည်း များဖြင့် ဝယ်ယူ နိုင်သကဲ့ သို့ သခင် ယေရှု ထံမှာ စုံစမ်းတာ မိတ်ဆွေတို့ မှတ်မိမယ် ထင်ပါတယ်။ ဒီနေ့ ယုံကြည် သူ မိတ်ဆွေတို့ကရော ပညတ်တော်ကို တသွေမတိမ်း လိုက်လျှောက် ကြရဲ့လား။ ငွေကြေး ဥစ္စာတွေကို မက်မော ခင်တွယ် နေသေးလား၊ ဆင်ခြင်ဘို့ လက်တို့ လိုက်တယ်နော်။ ( ရှင်မသဲ ၁၉း ၂၁။ ယေရှုကလည်း၊ သင်သည် စုံလင် ခြင်းသို့ ရောက်လိုလျှင် သွားလော့။ ကိုယ်ဥစ္စာများကို ရောင်း၍ ဆင်းရဲသော သူတို့ အား ပေးလော့။ ထိုသို့ပြုလျှင် ကောင်းကင်ဘဏ္ဍာကို ရလိမ့်မည်။ သို့ပြီးမှ ငါ့ နောက်သို့ လိုက်လော့ဟု မိန့်တော်မူ၏။) ချစ်သော မိတ်ဆွေတို့ လောက အရာ တွေကို မမက်မော မခင်တွယ်ဘို့ သတိပေး လိုက်တယ်နော်။ ။

Daddy Htut .



ပျော်ရွှင်သောခရစ္စမတ်ဖြစ်ပါစေ

သခင့်စကား ၇–၁၈၄

# သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

ငါ၏လူများတို့ ငါ့တရားကို နာကြလော့။ ငါ ဖြွက်သော စကားကို နားထောင်ကြလော့။ ပုံ စကား ကို ငါဖြွက်ဆို၍ ရှေးကာလ၏ နက်နဲသော အရာများကို ဖော်ပြပေအံ့။ ဆာလံ ၇၈:၁

အမှတ်စဉ် (၁၈၄) ဒီဇင်ဘာလ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည်) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

## ထိုလက်ဆောင် *ပန်းနီနီ (ကရာနီ)*

# ထိုလက်ဆောင်





လူ့ဂန်းကျင် လူ့အသိုင်းဝိုင်းထဲမှာ လူသား တစ်ဦးနှင့် တစ်ဦးဟာ အနိုင်မခံ အရှုံးမပေး တိုက်ခိုက်နေကြတာဟာဖြင့် ကြောင်နဲ့ကြွက် ကာတွန်းကား ထဲက လိုပါဘဲ။ သူငယ်ချင်း အချင်းချင်း၊ မိတ်ဆွေအချင်းချင်း၊ မိသားစု အချင်းချင်း၊ လင်မယားအချင်းချင်း တစ်ဦးက အမြတ်ထွက်ပြီး ကျန်တစ်ဦးက အရှုံးပေါ်လေ့ရှိပါသည်။ ရှုံးကြသူများ ထဲတွင် ကျမတို့ မိန်းမသားများ ကတော့ အများစု ဖြစ်မယ်ဆိုတာ အထူးပြောစရာ လိုမယ် မထင်ပါ။ သဘာဂ အရ ရော၊ ယဉ်ကျေးမှု အရပါ ကျမတို့ အမျိုးသမီးများကို အထင်သေးပြီး အမြင် သေးသိမ်သော လူတစ်ချို့က လူရာ မသွင်းပါ။ တခြား မယုံကြည်သူများက ထိုကဲ့သို့ ထင်မြင် ယူဆတာ ပြောစရာ မရှိပေမဲ့၊ ဘုရား သားသမီး ယုံကြည်သူလို့ အမည်ခံ ထားသူများကလဲ ထိုစိတ်သဘော ရှိကြတာကို တွေ့မြင်ရတဲ့ အခါမှာတော့ အံ့ဩထိတ်လန့်စရာ ဖြစ်ရပါတယ်။ ခြွင်းချက် အနေနဲ့ တစ်ချို့ အမျိုးသမီးများကလဲ လူရာ အသွင်း မခံရလို့ လူရာ ဝင်အောင် မကြိုးစား တော့ပါ။ အနီးကပ် အနိုပ်ခံ ရဖန်များလာတာမျိုး၊ ပိုင်းဂန်း အနိုင်ကျင့် ခံရပေါင်း များလာတာမျိုး ဆိုရင် စိတ်ကျရောဂါ ရပြီး ကိုယ့်ကိုယ်ကို တစ်ဆင့်နိမ့် သတ္တဂါလို ပြန်လည်ရှုမြင် လာတတ်ပြန်ပါတယ်။

ချစ်သော အမျိုးသမီးတို့။ ကျေးဇူးပြုပြီး ကိုယ့်တန်ဘိုး အမှန်ကို သိအောင် ကြိုးစားပါ။ ဘယ်သူတွေ ဘယ်လို နှိမ်ပါစေ၊ ကိုယ့် ခင်ပွန်းက ဘယ်လိုပင် လူရာ မသွင်းဘဲ နေပါစေ။ ကိုယ့်ဘက်က ပြုခဲ့ဖူးတဲ့ ကျေးဇူးတွေကို အသိအမှတ် မပြုရုံတင်မက၊ ဥပေက္ခာပါ ပြုနေစေဦးတော့။ အမျိုးသမီးတို့ရေ  အဆိုး အားဖြင့် အရှုံးမခံဘဲ ဆိုင်ပြိုင်တိုက်လှန်ဖို့ရန် နှုတ်ကပါတ်တော်အားဖြင့် ခွန်အား ယူပါ။

မကြာခင် ရောက်ရှိလာတော့မဲ့ ကယ်တင်ရှင်ရဲ့ မွေးနေ့တော် ရက်မြတ် နှင့် ယခု မွေးနေ့တော် လမြတ် ဟာဖြင့်ရင် ---။ ယောက်ျား သားများအတွက် သီးသန့်။ မိန်းမသားများ အတွက် သီးသန့် မဟုတ်ပါ။ ကယ်တင်ရှင် ကြွလာတော်မူခြင်းသည် မိန်းမ ယောက်ျား လူကြီး လူငယ်မရွေး ကမ္ဘာ လူသား အားလုံး ကယ်တင်ခြင်း ရရှိစေရန် အမျိုးသမီးတစ်ဦး ဖြစ်သော မယ်တော် မာရိ ရဲ့ ဂမ်းကြာတိုက် အတွင်းမှာ လူသား တစ်ဦးအဖြစ် ဆင်းသက် ကြွလာ တော်မူခြင်းသည် အမှန်ဖြစ်ကြောင်း၊ စိတ်နှလုံးဖြင့် ဂန်ခံ ကြိုဆို ကြရအောင်။ အမျိုးသမီးများရဲ့ အမျိုးသမီး ဖြစ်ခွင့် ရခြင်းသည်၊ ဘုရား ပေးသော ထူးမြတ်၍ တန်ဘိုးနှင့် ပြည့်စုံသော လက်ဆောင် ဘဂတစ်ခု ဖြစ်ကြောင်း နားလည် နိုင်ကြပါစေ။ ။ မေတ္တာအားဖြင့် -- ပန်းနီနီ (ကရာနီ)



ပျော်ရွှင်သောခရစ္စမတ်ဖြစ်ပါစေ

# သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ငါ၏လူများတို့ ငါ့တရားကို နားကြလော့။ ငါ မြွက်သော စကားကို နားထောင်ကြလော့။ ပုံစကား ကို ငါမြွက်ဆို၍ ရှေးကာလ၏ နက်နဲသော အရာများကို ဖော်ပြပေအံ့။ ဆာလံ ၇၈း၁

အမှတ်စဉ် (၁၈၄) ဒီဇင်ဘာလ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည်) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


## ကျွန်တော့် ကျေးဇူးရှင်များ ဆယ်မြူရယ်စိုးလွင်

ကျွန်တော့်ကျေးဇူးရှင်များ



ဘဝတွင် ကျေးဇူးတင်ရမည့် သူများဟု ဆိုလိုက်သည်နှင့် သူသူငါငါက ဘုရား၊ တရားနှင့် မိဘ၊ ဆရာ ဂုဏ်ကျေးဇူးများကိုသာ ပြေးမြင်ယောင်မိကြ ပါလိမ့်မည်။ မှန်သည်။ ထိုကျေးဇူးရှင်များကို ကျွန်တော် မမေ့မလျော့ပါ။ ဘဝတွင် အရေးပါသော်လည်း အလေးထားခြင်း မခံရသည့် သူများကိုသာ ကျွန်တော့် အနေဖြင့် ရေးသား ကျေးဇူးဆပ်လိုပါသည်။

၁။ **မလိုမုန်းတီးစိတ်ရှိသော ကျေးဇူးရှင်များ။** လူတိုင်းက ချစ်ခင်မြတ်နိုးမှုကို ရယူလိုကြသည်။ မိမိလည်း မလို မုန်းတီးမှုကို မလိုလားသကဲ့သို့ ကိုယ်တိုင်လည်း ထိုသို့ မလိုမုန်းတီးသူ အဖြစ် မလိုလားကြပါ။ သို့သော် အချို့မှာ ကျွန်တော်တို့ မသိနိုင်သော အကြောင်းများဖြင့် သူတစ်ပါးကို အလိုလိုမုန်းတီး နေတတ်သူများ ဖြစ်ကြသည်။ သူတို့ ဘဝကို သူတို့လည်း ထို သို့ ဖြစ်လိုကြမည် မဟုတ်မှန်း ကျွန်တော် သိပါသည်။ သူတို့ ဘဝကို ခနထားပြီး သူတို့ ကျေးဇူးကို ပြောပြလိုပါသည်။ တိုင်းတစ်ပါးတွင် ကိုယ်ဖေး အကြံပေးအရာရှိ များကို ငွေကြေး ကုန်ကျခံပြီး မိမိ လိုအပ်မှုများကို ပြင်ဆင်ကြသည်။ သူတို့မလို မုန်းထားစိတ်များကြောင့် ဘဝတွင် "မှန်ကန်စွာ ပြုမူ၊ နေထိုင်၊ သွားလာ၊ စားသောက်၊ ဘ ဝကို ပြင်ဆင်ဖို့ရန်" အခွင့် အလမ်းများ ကို ရရှိနိုင်ပါသည်။ ထိုသို့သော ကျေးဇူးရှင်များ စာရေးသူ ဘဝတွင် ကျေးဇူးတော်ကြောင့် ရရှိထားပါသည်။

၂။ **အတင်းအဖျင်း ပြောသော ကျေးဇူးရှင်များ။** အတင်းအဖျင်းမှာ မကြာမကြာ ကြားရသောစကား ဖြစ်သည်။ ထို့အတွက် ကြောင့်လည်း သူတို့ ပြောသော စကားအတိုင်း မိမိသည် အတ္တကြီးသူ ဟုတ် မဟုတ် မိမိကိုယ်ကို ပြင်ဆင်နိုင်ပါသည်။ "ပညာရှိ သတိ ဖြစ်ခဲ" ဆိုသော စကားပုံ အတိုင်း ကျွန်တော်တို့ ဘ ဝတွင် အလွဲအမှားများ ဖြစ်နေလျှင် အမှန်ပင် ပြုပြင် ပေးမည့် သူကို အမှန်လိုအပ်ပါသည်။ မိမိ အသိုင်းအဝန်းမှ ချစ်ခင်သူတိုင်းက ထိုသို့ အမုန်းခံ၊ အဆူခံပြီး မပြောရက်၊ မပြောရဲ ကြသော်လဲ အထက်ပါ လူများ ကတော့ ထိုသို့မဟုတ် ပြောရဲဆိုရဲ ကြပါသည်။ အကယ်၍ အတင်းအဖျင်း စကား "မမှန်ခဲ့ပါက"လည်း သတိပေးစကား အဖြစ် ခံယူကျင့်သုံးနိုင်ပြီး "မှန်ခဲ့ပါက" လည်း ပြင်ဆင်လျှက် ခရီးနှင်လျှင် ဘ ဝခရီး ဖြောင့်ဖြူး နိုင်ပါသည်။ ထိုသို့သော ကျေးဇူး ရှင်များ စာရေးသူဘ ဝတွင် ကျေးဇူးတော်ကြောင့် ရရှိထားပါသည်။

၃။ **ရှေ့တစ်မျိုး ကွယ်တစ်မျိုး နှစ်မျက်နှာရှိသော ကျေးဇူးရှင်များ။** မိမိရှေ့တွင် ရွှန်းရွှန်းဝေအောင် လေးစား၊ ချစ်ခင်၊ ဂုဏ်ယူတတ်ကြောင်း ပြော သော်လည်း မိမိ ကွယ်ရာတွင်ကား မိမိပြုသမျှ ကျေးဇူးကိုပင် မသိတတ် ဖလောင်း ဖလဲ များတတ်သော သူများကို တွေ့ရသောအခါ နောက်ကျော ဓါး အထိုးခံ ရသည့်နယ် အခံခက်ရသည်။ သို့သော် သူတို့သည် မိမိစိတ်နှင့် တစ်ပါး သူကို အလွန်အကျွံ မရောမိဖို့နှင့် အားလုံးကို တစ်သဘော ထဲ မဟုတ်ကြောင်း သင်ယူရန် လမ်းကြောင်း ခင်းပေးနေသူများ ဖြစ်သည်။ ထို့ကြောင့် လောကတွင် ထိုသို့ ရှေ့တစ်မျိုး ကွ ယ်ရာတစ်မျိုး ပြောတတ်သော သူများက မိမိအား အရာရာ ကို ချိန်ခွင့် ညီမျှစွာ နေထိုင်၊ ပေါင်းသင်းတတ်ဖို့ ဆရာသမား ကောင်း၊ ကျေးဇူး ရှင်များပင် ဖြစ်သည်။ ထိုသို့သော ကျေးဇူးရှင်များ စာရေးသူ ဘဝတွင် ကျေးဇူးတော် ကြောင့် ရရှိထားပါသည်။



၄။ **အမြဲ ဆန့်ကျင်နေတတ်သော ကျေးဇူးရှင်များ။** မည်မျှပင် အကောင်းဆုံး လုပ်နေပါစေ ဆန့်ကျင်နေမည့် သူများ ရှိပေလိမ့်မည်။ သူတို့ကြောင့် စိတ်ပင်ပန်းရသည်မှာ မလွယ်မှန်း သိပါသည်။ ခံစားဘူးပါသည်။ သို့သော် ကျွန်ေ တာ့်ဘဝ တည်ဆောက်မှုတွင် သူတို့သည် မပါမဖြစ်၊ မရှိမဖြစ် သော ကျေးဇူးရှင်များပင် ဖြစ်သည်။ ထိုကျေးဇူးရှင်များ ဘဝတွင် ဘယ်သောအခါ မှ ငြိမ်းအေးမှု အစစ်အမှန်ကို မရကြပါ။ သူတို့အား မိမိ ဖက်မှ မေတ္တာပြလျှင် သူတို့ အဖို့ ပိုပြီး ပူလောင်ကြရသည်မှာ စိတ်မကောင်းစရာလည်းဖြစ်သည်။ သို့တိုင် သူတို့ ဆန့်ကျင် ပြုမူမှု များကြောင့် ဘဝတွင် တက်လမ်းများစွာကို မြင်တွေ့ နိုင်ပါ သည်။ စာရေးသူ ဘဝတွင် ထိုသို့ ဆန့်ကျင်နေတတ်သော ကျေးဇူးရှင်များကြောင့် ဘ ဝ တက်လမ်း များစွာကို မြင်တွေ့ခွင်၊ ရယူပိုင်ခွင့်၊ တည်ဆောက်နိုင်ခွင့်များစွာ ရရှိခဲ့သည်။ ထိုသို့သော ကျေးဇူးရှင်များ စာရေးသူ ဘဝတွင် ကျေးဇူးတော်ကြောင့် ရရှိ ထားပါသည်။

၅။ **ကျေးဇူးရှင်များအား ကျေးဇူးဆပ်နည်း။** အထက်ပါ ကျေးဇူးရှင်များနှင့် အတူသွားလာ၊ နေထိုင်၊ လုပ်ဆောင်ရခြင်းမှာ အမှန် ခက်ခဲလှသည်။ စိတ်ပင်ပန်းစရာတစ်ခု အဖြစ် ကျဉ်းကြပ်ခဲ့ဘူးသည်။ သို့သော် စာရေးသူ ဓမ္မပညာ စတင် လေ့လာစဉ်က အထက်ပါ အမှုကိစ္စ မျိုးများ စွာ ကြုံတွေ့ရသော အခါတွင် ကြီးစွာ စိတ်မကောင်းဖြစ်မိသည်။ ထိုသို့ဖြင့် မြန်မာ စကားပုံ တစ်ခုကိုသာ ပြေးမြင်ယောင်ေ နမိသည်။ သို့သော် ထိုအခိုက်တွင် "ကျေးဇူး ရှင်အား မပြစ်မှားနှင့်" ဆိုသော စကားတစ်ခွန်းကြောင့် ကျွန်တော့် အား ကျေးဇူး ကင်းသောသူ မဟုတ်လျှင် မည်သို့ပင်ဆိုစေ ထိုသူအား မပြစ်မှားတော့ဟု ဆုံးဖြတ်မိသည်။ ထိုအခါ အထက်ပါ အတိုင်း စာရေးသူအား "သင်ဆရာ" "မြင် ဆရာ" "ကြားဆရာ" စသော ကျေးဇူးပြုဘူးသူများ အားလုံးကို ခွင့်လွှတ်စိတ် ဖြင့် သာ နားလည်ပေးရန်နှင့် သူတို့အတွက် အကောင်းဆုံး တုန့်ပြန်ဖို့သာ ဆုံးဖြတ် ခဲ့တော့သည်။ စာရေးသူ အမြင်အား ပြောင်းလဲစေသည့် အရာမှာ ထာဝရဘုရား၏ နှုတ်ကပတ်တော် စကားတစ်ခွန်း ကြောင့်ပင် ဖြစ်သည်။ "တဖန် မိန့်တော် မူသည်ကား ငါသည် သင် တို့ကို အကျိုးနည်းစေခြင်းငှါ ကြံစည်သော အကြံ မဟုတ်ဘဲ၊ သင်တို့သည် မြော်လင့်သော အကျိုးကို ရမည့်အကြောင်း၊ ငြိမ် ဝပ်စေ ခြင်း ငှါသာ သင်တို့အဖို့ ကြံစည်သော အကြံတို့ကို ငါသိ၏ " ဟူသော ဘုရားသခင့် ကတိတော်ကြောင့် အထက်ပါ ကျေးဇူးရှင်များကို အပြစ် မမြင်တတ်တော့ဘဲ သူတို့ ထံမှ ကောင်းသောအရာ များကို အရယူပြီး သူတို့အတွက် - • ဆုတောင်းပေးခြင်း။ • စာနာပေးခြင်း။ • ဖေးမကူညီပေးခြင်း။ • ကြုံလျှင် အားပေးမှု ပြုခြင်းများကိုသာ ပြုနေမိတော့သည်။

အထက်ပါ ကျမ်းစကားတွင် အင်္ဂလိပ်စာ Amplified Version ၌ "For I Know the thoughts and plans that I have for you' ဟုဆိုထားပါသည်။ ကျွန်တော်တို့သည် မည်သို့သောအခါမှ "ပြဿနာကို မီးထွန်း" မရှာတတ် ကြ သည့်တိုင် ရှေ့ရေး အနာဂါတ်ကို မမြင်နိုင်သောကြောင့် ပြဿနာများ ဖြစ်တတ် ကြသော်လည်း ကျွန်တော့် ဘုရားသခင်မှာကား ထိုသို့မဟုတ် -"သင့်အတွက် ငါ ထားသော ငါ့ အကြံအစည်များကို ငါ ကောင်းကောင်း သိပါတယ်"တဲ့။ ဒီတော့ ကျွန်တော့် အတွက် အကောင်းဆုံး အကြံအစည်ကိုသာ ထားရှိသော ဘုရား အဖို့ အထက်ပါ ကျေးဇူးရှင်များမှာလဲ ထိုအကြံအစည်တော်များထဲမှ "တစ်ခု" ဖြစ်သော ကြောင့် သမ္မာတရားနှင့် အညီ ကျွန်တော့် ကျေးဇူးရှင် ဟု သတ်မှတ်ကာ ခေါ်ဆို ရခြင်းပင်။ ။ နာမတော်မြတ်၌ - ဆယ်မြူရယ်စိုးလွင်



ပျော်ရွှင်သောခရစ္စမတ်ဖြစ်ပါစေ

သခင့်စကား ၉-၁၈၄

# သခင့်စကား
## The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ငါ၏လူများတို့ ငါ့တရားကို နားကြလော့။ ငါ ဖြွက်သော စကားကို နားထောင်ကြလော့။ ပုံစကား ကို ငါမြွက်ဆို၍ ရှေးကာလ၏ နက်နဲသော အရာများကို ဖော်ပြပေအံ့။ ဆာလံ ၇၈း၁

အမှတ်စဉ် (၁၈၄) ဒီဇင်ဘာလ ၂၀၁၆ ခုနှစ် ဗမ္မာဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# ဆုံးရှုံးခြင်း



## ဆုံးရှုံးခြင်း *မင်းအောင်သက်လွင်*

သင် ကျရှုံး ချိန်မှာ သင့် နောက်ကွယ်တွင် ဟားတိုက် လှောင်ပြောင်ကာ သင့် မကောင်းကြောင်း လိုက်လံ ပြောဆိုသူများသည် သင်၏ မိတ်ဆွေ မဖြစ် နိုင်ပါ။ သာပေါင်း ညာစား များသာ ဖြစ်နိုင်ပေသည်။

သင် ကျရှုံးချိန်တွင် သင့် နောက်ကွယ်တွင် အကောင်းမြင် ဂါဒဖြင့် အားပေး နှစ်သိမ့် ဆုတောင်း ဖေးမ အဖော်ပြု သူသည် သင်၏ ရန်သူ မဖြစ်နိုင်ပါ။

ဘုရားသခင်က သင့်ကို ထာဝရ မဆုံးရှုံး စေချင်ပါ။ သင် ဦ သာ ပြန် ထ လိုချင်စိတ် ရှိပါစေ။ ကိုယ်တော် ထူမ ပေးလိမ့်မည်။

ကျရှုံးပြီး နောက်တဖန် အောင်မြင်လာချိန်တွင် ဘယ်သူက မိတ်ဆွေ။ ဘယ်သူက သာပေါင်း ညာစားလဲ ဆိုတာ သင် ခွဲခြား သိမြင်လာပါလိမ့်မည်။



သူတပါးကို သွန်သင်နိုင်ဖို့ သင့်ရဲ့ ဝိညာဉ်ရေးရာ အဆင့် ကို မြင့်တက် စေဖို့ ဘုရားသခင်က သင့်အား ပြိုလဲခြင်း၊ ကျရှုံးခြင်း၊ ဆုံးရှုံးခြင်း များကို တွေ့ကြုံ စေမှာ ဖြစ်ပါတယ်။

နွားသိုး မှန်ရင် ချိုချက် မကင်းပါ။

ထိုနည်းတူ - နွားမ မှန်ရင် ချိုချက် မရှိပါ။

သင့်တွင် ချိုချက်၊ ဒဏ်ရာ၊ ဒဏ်ချက်များ ရှိနေခြင်းသည် သင်ကိုယ်တိုင် နွားသိုး ဖြစ်ကြောင်း သက်သေ ပြနေခြင်း ဖြစ်ပါသည်။

စစ်သူရဲကောင်း မှန်ရင် ဒဏ်ရာ ဒဏ်ချက်နဲ့ မကင်းနိုင်ပါ။ ရန်သူရဲ့ လှည့်ကွက် ကို သိဖို့ တိုက်ပွဲက [သို့] ဘုရားသခင်က သင့် ကိုယ်ခန္ဓာ ပေါ်မှာ ဒဏ်ရာ တစ်ချို့ကို ရရှိစေမှာဖြစ်ပါတယ်။

သမ္မာကျမ်းစာထဲက ပွဲတိုင်းကျော် တိုက်တိုင်းနိုင်တဲ့ ဘုရင်မင်းမြတ် စစ်သူရဲကောင်း ဒါဝိဒ်မင်းကြီးရဲ့ အသက်တာနဲ့ ဒီစာမူလေးကို ရေးသားလိုက်ပါတယ်။ ဒါဝိဒ်မင်းကြီးဟာ ရန်သူ စစ်ဘီလူး ဂေါလျတ်ကို အသေတိုက်နိုင်ခဲ့လို့ ရှောလု အထောင်ထောင်၊ ဒါဝိဒ် အသောင်းသောင်း လို့ ချီးမွမ်းခံရသူ ဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိ အာဏာရ ဘုရင် ရှောလုရဲ့ သမီးတော်ကို ထိမ်းမြား လက်ထပ် ခဲ့နိုင်သလို ယောက္ခမ ဖြစ်သူ ရှောလုရဲ့ ရှင်ဘုရင် ရာထူးကိုလဲ ရရှိ ခဲ့ပြန်ပါတယ်။ သူ့ ဘဝရဲ့ အအောင်မြင်ဆုံး အထွတ်ထိပ် အရောက်ဆုံး အချိန်လို့ ဆိုရမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ မမျှော်လင့်တဲ့ တစ်နေ့မှာ သူဟာ ဆုံးရှုံးခြင်း ကျဆုံးခြင်းကို ခံလိုက်ရပါတယ်။ သူ့ရဲ့ အချစ်ဆုံး သားတော်တစ်ပါး ဖြစ်တဲ့ အဗရှလုံက သူ့ကို ပုန်ကန်ပြီး သူ့ရဲ့ ဘုရင်ရာထူး အာဏာကို လုယူ ချိန်မှာတော့ ဒါဝိဒ်ဟာ ရှင်ဘုရင် ရာထူးနဲ့ ရာဇပလ္လင် နန်းတော်ပေါ်ကနေ ခွေးပြေးဝက်ပြေး ပြေးခဲ့ရပါတယ်။ ဒါဝိဒ်ဟာ ငိုယိုလျှက် ဦးခေါင်းကို ခြုံလျှက် ခြေနင်းကိုချွတ်ပြီး သံလွင် တောင်ပေါ် သို့ ပြေးခဲ့ရသလို သူ့နောက်လိုက်တွေလဲ ဦးခေါင်းကို ခြုံလျှက် ငိုကြွေးပြီး စစ်ပြေး ဘဝ ရောက်ခဲ့ရပါတယ်။ သူ့ကို ရန်ရှာ နန်းလုသူ ဟာ တိုင်းတပါးသား ရန်သူ မဟုတ်ဘဲ သူသိပ်ချစ်ရတဲ့ သူ့ရဲ့ သားတော် အရင်းခေါက်ခေါက် ဖြစ်နေ ခဲ့ပါတယ်။ စစ်ပြေးဘဝနဲ့ ပုန်းရှောင် ထွက်ပြေးနေချိန်မှာလဲ မလောက်လေး မလောက်စား ရှိမိ လို့ခေါ်တဲ့ ရွာသား တစ်ယောက်က လမ်းဘေးကနေ ဒါဝိဒ် မင်းကြီး တဖြစ်လဲ စစ်ပြေးဘုရင်ကို အော်ဟစ်ဆဲဆို ကဲ့ရဲ့ ခဲ့ပါတယ်။ ကံဆိုးမ သွားလေရာ မိုးလိုက်လို့ ရွာ ဆိုသလိုပါဘဲ။ ဒါဝိဒ် နောက်လိုက် တစ်ယောက်က ဆဲဆိုနေတဲ့ ရှိမိ ဆိုတဲ့ လူကို 'ထို ခွေးသေကောင်သည် အရှင်မင်းကြီးကို ကျိန် ဆဲ ရမည်လော။ ကျနော် သွား ၍ သူ၏ လည်ပင်း ကို ဖြတ်ပါရစေ ' လို့ ခွင့်တောင်း ပေမဲ့ ဒါဝိဒ်က 'ထိုသူသည် ကျိန် ဆဲပါလေစေ။ ဒါဝိဒ်ကို ကျိန်ဆဲလော့ဟု ထာဝရ ဘုရား မှာထားတော်မူပြီ' လို့ သူ့နောက်လိုက်တွေကို မိန့်ကြားခဲ့ပါတယ်။

မြင့်မြတ်သူတို့ရဲ့ နှလုံးသားပိုင်ရှင် ဒါဝိဒ်မင်းဟာ သူ့ကို ရန်ရှာတဲ့ သားတော် အရင်းခေါက်ခေါက်နဲ့ သူ့ကို ကျိန်ဆဲ သူတွေကို သူ ကျရှုံး ဆုံးရှုံး နေချိန်မှာ သဘောထားကြီးစွာ နားလည်ခွင့်လွှတ်ပေးခဲ့ပါတယ်။ နောက်ဆုံး မှာ တော့ ရန်သူလဲ သေခဲ့ရသလို ရှင်ဘုရင် ဒါဝိဒ် ထီးနန်း ပြန်ရပြီး စစ် အောင်နိုင် ချိန်မှာ ကျိန်ဆဲ ခဲ့ဖူးသူ ရှိမိ ဟာ အသတ်ခံရမှာ စိုးလို့ လာတောင်းပန်ခဲ့ရပါတယ်။

ဘုရား မပါတဲ့ သူဟာ ထာဝရ ဆုံးရှုံးနေမှာ ဖြစ်ပေမဲ့၊ ဘုရားနဲ့ သွားလာ သူဟာ တခနတာ ဘဲ ဆုံးရှုံးပြီး မကြာခင် အောင်ပန်း ဆင်နိုင်မှာ ဖြစ်ပါတယ်။

ဒဏ်ရာ ရတဲ့ သူဟာ သူရဲကောင်း ဖြစ်ပြီး ရတဲ့ ဒဏ်ရာ နဲ့ သင်ခန်းစာ ယူကာ ရန်သူကို တိုက်ခိုက် အလဲထိုး နိုင်သူဟာ အောင်နိုင်သူ စစ်သူရဲကောင်း ဖြစ်ပါတယ်။ ဒဏ်ရာထဲမှာ လဲကျနေကာ ပြန် မထနိုင်တဲ့ သူကတော့ လူသေ အလောင်း ဘဲ ဖြစ်ပါတယ်။ ။ မင်းအောင်သက်လွင်
[အခြေပြုကျမ်း - ၂ရာ ၁၅း၁၃-၃၇။ ၂ရာ ၁၆း၅း၁၀။ ၂ရာ ၁၉း၁၆-၁၉]



ပျော်ရွှင်သောခရစ္စမတ်ဖြစ်ပါစေ

သခင့်စကား ၁၀–၁၈၄

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ငါ၏လူများတို့ ငါ့တရားကို နာကြလော့။ ငါ မြွက်သော စကားကို နားထောင်ကြလော့။ ပုံစကား ကို ငါမြွက်ဆို၍ ရှေးကာလ၏ နက်နဲသော အရာများကို ဖော်ပြပေအံ့။ ဆာလံ ၇၈း၁

အမှတ်စဉ် (၁၈၄) ဒီဇင်ဘာလ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# ပျားနဲ့ယင်-၁



## ပျား နဲ့ ယင် - ၁

### မင်းအောင်သက်လွင်

ပျား နဲ့ ယင် ၊ သဏ္ဌာန်ချင်း ဆင်ပေမဲ့
  ပျား က ဂတ်ရည် စုပ် ၊
  ယင် က မစင် အုပ် ။
ပျား က ဘုရင်မ ရှိ။ ယင် က ဘုရင် မသိ။
ပျားက အုပ်စုဖွဲ့ကာ ညီညာ ချီတက်၊
ယင် က ပရမ်းပတာ အုံဖွဲ့။



  ပျား က အသိုက်အမြုံနဲ့ ပျားအုံမှာ စံနစ်တကျ နေထိုင်၊
  ယင် က မြောင်းပုပ် ချုံကြားမှာ ဖြစ်သလို နေထိုင်။
ပျား က ပန်းတွေနဲ့ ချစ်သူဖြစ်၊
ယင် က အပုပ်ကောင်နဲ့ ချစ်သူဖြစ်။
ပျား က အဆိပ် ဖွဲ့ ၊ ယင် က အဆိပ်မဲ့။
  ပျား က ဆေးဘက်ဝင် ပျားရည်ကို လူသားတွေ အတွက် ဆက်သ။
  ယင် က ဝမ်းရောဂါ ပိုးမွှားကို လူသားတွေ အတွက် ဖျက်မွ။
   ကဲ - ပျား နဲ့ ယင် ၊ သဏ္ဌာန်ချင်း ဆင်ပေမဲ့
    အသုံးဝင်တာချင်း ကတော့ တခြားစီ ပါလားနော်။ ။



ပျော်ရွှင်သောခရစ္စမတ်ဖြစ်ပါစေ

သခင့်စကား
The LORD's Word
မင်းအောင်သက်လှိုင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ငါ၏လူများတို့ ငါ့တရားကို နားကြလော့။ ငါ မြွက်သော စကားကို နားထောင်ကြလော့။ ပုံစကား ကို ငါမြွက်ဆို၍ ရှေးကာလ၏ နက်နဲသော အရာများကို ဖော်ပြပေအံ့။ ဆာလံ ၇၈း၁

အမှတ်စဉ် (၁၈၄) ဒီဇင်ဘာလ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


# ပညတ်တော်ဆယ်ပါး ကာတွန်း-မင်းအောင်သက်လှိုင်

## [ပညတ်တော်ဆယ်ပါး] ကာတွန်း - မင်းအောင်သက်လှိုင်




**ပရိတ်သတ်များအတွက် ပညတ်တော်[၁၀]ပါး**

ဘုရားဝတ်ပြုနေစဉ်-
အိပ်မငိုက်ရဖုန်းမပြောရ။
ဂိမ်းမဆော့ရ။
အတင်းမပြောရ။
မပြီးခင် ထမပြန်ရ။
အလှူငွေထည့်
ဟန်မဆောင်ရ။
စကားမပြောရ။
အလှမပြင်ရ။
တရားနာဟန်မဆောင်ရ။
facebookမသုံးရ။
sms မပို့ရ။

**တရားဟောဆရာများအတွက် ပညတ်တော်[၁၀]ပါး**

တရားဟောနေစဉ်- ဟာသ
မပြောရ။ ကြွားလုံးမထုတ်ရ။
သူများမကောင်းကြောင်း
အပုပ်မချရ။ အာလူးမပေးရ။
ကိုယ့်မယားကိုယ်ချီးမွမ်းမပြောရ။
ကိုယ်ရည်သွေးမပြောရ။
အလှူငွေထည့်ချင်လာအောင်
မဲဆွယ်ခြင်းမပြုရ။
ပရိတ်သတ်အိပ်ချင်သည့်
တိုင်အောင် မဟောရ။
၁၅မိနစ်ထက် ပိုမဟောရ။
မိမိစိတ်ကူး အိပ်မက်ကို ဘုရား က
ရူပါရုံ ပေးသည်ဟု ညာမပြောရ။






ပျော်ရွှင်သောခရစ္စမတ်ဖြစ်ပါစေ